# ၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း

# အမျိုးသမီးများဆိုင်ရာ အချက်အလက်

https://burmesewomensunion.org

**၃,၂၉၉** ဖမ်းဆီးထိန်းသိမ်းခံထားရသူ

**၇၅၄** သေဆုံးသူ

**၇၆၉** ပြစ်ဒဏ်ချမှတ်ခံထားရသူ

အကြမ်းဖက်စစ်တပ်၏ အာဏာသိမ်းရန်ကြိုးပမ်းမှုကာလ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၆) ရက်နေ့အထိ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း စသည့် အရပ်သားများအား နည်းမျိုးစုံဖြင့် ပစ်မှတ်ထား တိုက်ခိုက်ခြင်းတို့ကြောင့် **အမျိုးသမီးသေဆုံးသူ အရေအတွက် (၇၅၄)ဦးအထိ** ရှိခဲ့သည်။

ဇန်နဝါရီလ (၂၆) ရက်နေ့အထိ အကြမ်းဖက်စစ်တပ်ဘက်မှ **ဖမ်းဆီးထိန်းသိမ်းထားသည့် အမျိုးသမီး (၃၂၉၉) ဦးအထိ** ရှိနေဆဲဖြစ်ပြီး ၎င်းတို့အနက် **အမျိုးသမီး (၇၆၉) ဦးသည် ပြစ်ဒဏ်ချမှတ်ခံထားရသူများ** ဖြစ်ကြသည်။



- မန္တလေးတိုင်း - ၄ ဦး
- ရန်ကုန်တိုင်း - ၂ ဦး
- မကွေးတိုင်း - ၁ ဦး
- တနင်္သာရီတိုင်း - ၁ ဦး
- ရှမ်းပြည်နယ် - ၁ ဦး
- မွန်ပြည်နယ် - ၁ ဦး

## ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ (၂၆) ရက်နေ့အထိ ဖမ်းဆီးထိန်းသိမ်းခံရသည့် အမျိုးသမီးများ၏ ဒေသအလိုက် အရေအတွက်ပြပုံ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ (၂၆) ရက်နေ့အထိ အမျိုးသမီး(၁၀)ဦးကို အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ထိုကဲ့သို့ ဖမ်းဆီးခံရသည့် အမျိုးသမီးများသည် လူမှုကွန်ယက်စာမျက်နှာတွင် သတင်းမှားများ ရေးသားဖော်ပြသည်ဟုဆိုသည့် စွပ်စွဲချက်များနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီနှင့် တော်လှန်ရေးတပ်ဖွဲ့များကို ထောက်ပံ့မှုများပြုလုပ်သည်ဆိုသည့် စွပ်စွဲချက်များဖြင့် ဖမ်းဆီးခြင်းခံရသည်ကို တွေ့ရှိရသည်။ ဖမ်းဆီးခံရသူများသည် ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ဖြစ်သည်။

## အမျိုးသမီးသေဆုံးသူများ၏ အကြောင်းအရင်းအလိုက် အရေအတွက်ပြပုံ

**၂၈ ဦး**

လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း

**၂၁ ဦး**

လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်း

**၇ ဦး**

ပစ်သတ်ခြင်း

**၂ ဦး**

ဖမ်းဆီးထိန်းသိမ်းစဉ်အတွင်း နှိပ်စက်၍ သေဆုံးခြင်း

**၁ ဦး**

ဖမ်းဆီးထိန်းသိမ်းထားစဉ် သေဆုံးပြီး ရုပ်အလောင်းအား မီးရှို့ခြင်း

ထို့အပြင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ (၂၆) ရက်နေ့ အတွင်းတွင် အမျိုးသမီး (၅၉)ဦးအထိ အသက်ဆုံးရှုံးခဲ့သည်။ ထိုကဲ့သို့ အသက်ဆုံးရှုံးရသည့် အမျိုးသမီး(၂၈)ဦးသည် အကြမ်းဖက်စစ်တပ်မှ အရပ်သားပြည်သူများ နေအိမ်များသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် လက်နက်ကြီးထိမှန်၍ သေဆုံးခဲ့ရခြင်းဖြစ်သည်။ အခြား အမျိုးသမီး(၂၁)ဦးသည် အကြမ်းဖက်စစ်တပ်ဘက်က ဝေဟင်မှ လေကြောင်းဖြင့်

ဖုံးကြဲတိုက်ခိုက်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည့်အပြင် ကျန်(၇)ဦးသည် အကြမ်းဖက်စစ်တပ်တပ်ဖွဲ့ဝင်များ၏ ပစ်သတ်ခြင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ အမျိုးသမီး(၁)ဦးသည် အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးထိန်းသိမ်းစဉ်အတွင်း သေဆုံး၍ ၎င်း၏ရုပ်အလောင်းသည် မီးရှို့သတ်ဖြတ်ခံရပြီး နောက်(၂)ဦးမှာ ဖမ်းဆီးထိန်းသိမ်းခံရပြီး ထောင်တွင်း၌ သေဆုံးခဲ့ရကြောင်း တွေ့ရှိရပါသည်။ **အသက်ဆုံးရှုံးခဲ့သည့် အမျိုးသမီးများသည် စစ်ကိုင်းတိုင်းဒေသကြီးမှ (၂၁)ဦးဖြင့် အမျိုးသမီး သေဆုံးသူ အများဆုံးဒေသဖြစ်ပြီး (၁၅)ဦးဖြင့် ဒုတိယအများဆုံး ဒေသမှာ ရခိုင်ပြည်နယ်ဖြစ်သည်။**

ယခုအချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(အေအေပီပီ)၏ အချက်အလက်များကို မှီငြမ်းကိုးကားခြင်းနှင့် ခိုင်လုံသော သတင်းမီဒီယာများမှ ထုတ်ဖော်ရေးသားသည့် သတင်းအချက်အလက်များအပေါ် အခြေခံ၍ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ပြန်လည်စုစည်း ကောက်နှုတ်တင်ပြထားခြင်း ဖြစ်ပါသည်။ သတင်းအချက်အလက်စီးဆင်းမှုများ၌ စိန်ခေါ်မှုများရှိသောကြောင့် မိမိတို့အနေဖြင့် လက်လှမ်းမီရန် အခက်အခဲများရှိသဖြင့် လက်တွေ့မြေပြင်အခြေအနေတွင် ကိန်းဂဏန်းများသည် ယခုထက်ပို၍ များနိုင်ပါသည်။


မြန်မာ့အမျိုးသမီးသမဂ္ဂ

https://www.facebook.com/burmesewomensunion

https://burmesewomensunion.org